## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်



# လွှတ်တော်ကိုယ်စားလှယ်လမ်းညွှန်

၂၀၁၆ ဇန်နဝါရီလတွင် ထုတ်ဝေသည်။



# လွှတ်တော်ကိုယ်စားလှယ် လမ်းညွှန်



# မာတိကာ

## ဒုတိယအကြိမ်လွှတ်တော်ပထမပုံမှန်အစည်းအဝေးသို့တက်ရောက်မည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် အုပ်ချုပ်မှုဆိုင်ရာသတင်းအချက်အလက်များ


၁။ နိဒါန်း ၃
၂။ ကျင်းပမည့်နေရာနှင့် ကျင်းပမည့်နေ့ရက် ၃
၃။ ရောက်ရှိကြောင်း အကြောင်းကြားခြင်း ၄
၄။ သတင်းပို့ခြင်း ၄
၅။ တည်းခိုနေထိုင်ရေး ၅
၆။ စားသောက်ရေးအစီအစဉ် ၆
၇။ သယ်ယူပို့ဆောင်ရေး ၇
၈။ တယ်လီဖုန်းဆက်သွယ်ရေး ၈
၉။ လွှတ်တော်ဝင်းအတွင်းသို့ဝင်/ ထွက်ရေး ၈
၁၀။ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက စိစစ်ခြင်း ၈
၁၁။ လွှတ်တော်အစည်းအဝေးခန်းမများအတွင်း ထိုင်ခုံနေရာအစီအစဉ် ၁၀
၁၂။ ထိုင်ခုံနေရာပြကတ်ပြားများ ထုတ်ပေးခြင်း ၁၀
၁၃။ ဆန္ဒမဲပေးကတ် (Voting Card) ထုတ်ယူခြင်းနှင့် ပြန်လည်အပ်နှံခြင်း ၁၀
၁၄။ စကားပြောခွက် (MIC) အသုံးပြုရန် နည်းလမ်း ၁၁
၁၅။ ဆန္ဒမဲပေးစက်ခလုတ် အသုံးပြုသည့် နည်းလမ်း ၁၂
၁၆။ လွှတ်တော်ကိုယ်စားလှယ်များအတွက်ဝန်ဆောင်မှု ၁၄
၁၇။ လွှတ်တော်ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ရေး ၁၅
၁၈။ တည်းခိုနေထိုင်စရိတ်၊ စားသောက်စရိတ်နှင့် ခရီးစရိတ်ထုတ်ယူရေးအစီအစဉ် ၁၈
(က) ခရီးစရိတ်များ ၁၈
( ခ) နေ့တွက်စရိတ်နှင့် ချီးမြှင့်ငွေ ၁၉
( ဂ) ပင်စင်စနစ် ၁၉
၁၉။ ဝတ်စုံသတ်မှတ်ချက် ၂၀
၂၀။ အစည်းအဝေးဆိုင်ရာ သတ်မှတ်ချက်များ ၂၀
၂၁။ လွှတ်တော်အတွင်း လိုက်နာရမည့် အချက်များ ၂၁
၂၂။ လွှတ်တော်ဆိုင်ရာကိစ္စများ ဆောင်ရွက်ခြင်း ၂၂

## ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်ပထမပုံမှန်အစည်းအဝေးပထမနေ့ကျင်းပခြင်း


၁။ သဘာပတိတင်မြှောက်ခြင်း ၂၇

၂။ သဘာပတိလောင်းအဖြစ် အမည်စာရင်းတင်သွင်းခြင်း ၂၈

၃။ သဘာပတိကတိသစ္စာပြုခြင်းနှင့်ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း ၃၀

၄။ လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်းနှင့်
ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း ၃၁

၅။ လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌများ ရွေးကောက်တင်မြှောက်ခြင်း ၃၂

၆။ ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခြင်း ၃၃

၇။ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း ၃၅

၈။ လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့ ကတိသစ္စာပြုခြင်းနှင့်
ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း ၃၅

၉။ လွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ခြင်း ၃၅


## ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော်ပထမပုံမှန်အစည်းအဝေးပထမနေ့ကျင်းပခြင်း ၃၉

## ဒုတိယသမ္မတလောင်းများရွေးချယ်ရန်လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့အစည်းအဝေးများကျင်းပခြင်း


၁။ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့
ပထမနေ့ အစည်းအဝေး ကျင်းပခြင်း ၄၃

၂။ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး
ဒုတိယနေ့ကျင်းပခြင်း ၄၄

၃။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က
ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ခြင်း ၄၈


## ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော်ပထမပုံမှန်အစည်းအဝေးဒုတိယနေ့ကျင်းပခြင်း


၁။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး
ဒုတိယနေ့ကျင်းပခြင်း ၅၃

၂။ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ
နည်းဥပဒေ ၂၆ ၅၃

၃။ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခြင်း ၅၄

၄။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးများ
ဆက်လက်ကျင်းပခြင်း ၇၁





# ၁

ဒုတိယအကြိမ်
လွှတ်တော်ပထမ
ပုံမှန်အစည်းအဝေးသို့
တက်ရောက်မည့်လွှတ်တော်
ကိုယ်စားလှယ်များအတွက်

## အုပ်ချုပ်မှုဆိုင်ရာ
## သတင်းအချက်အလက်များ



# အခန်း(၁)

# ဒုတိယအကြိမ် လွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်မည့် လွှတ်တော် ကိုယ်စားလှယ်များအတွက် အုပ်ချုပ်မှုဆိုင်ရာ သတင်းအချက်အလက်များ

## နိဒါန်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ်လွှတ်တော် အသီးသီး၏ ပထမပုံမှန် အစည်းအဝေးများကို နေပြည်တော်၊ လွှတ်တော်အဆောက်အဦ၊ လွှတ်တော်အစည်းအဝေး ခန်းမများတွင် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ရက်နေ့မှ စတင်၍ ကျင်းပမည်ဖြစ်ပါသည်။

၂။ လွှတ်တော်အစည်းအဝေးများနှင့် စပ်လျဉ်း၍ အစည်းအဝေး တက်ရောက်မည့် လွှတ်တော် ကိုယ်စားလှယ်များအတွက် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ကြိုတင်သိရှိသင့်သည်များကို သိရှိနိုင်ရန် ဤလမ်းညွှန်စာအုပ်ကို ပြုစုထုတ်ပြန်ခြင်းဖြစ်ပါသည်။

## ကျင်းပမည့်နေရာနှင့် ကျင်းပမည့်နေ့ရက်

၃။ ဒုတိယအကြိမ် လွှတ်တော်ပထမပုံမှန်အစည်းအဝေးများကို နေပြည်တော်၊ လွှတ်တော် အဆောက်အဦ၊ လွှတ်တော်အစည်းအဝေးခန်းမ အသီးသီးတွင် အောက်ပါအတိုင်းကျင်းပမည် ဖြစ်ပါသည်–

| | နေရာ | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | ပြည်သူ့လွှတ်တော် | | |
| (ခ) | အမျိုးသားလွှတ်တော် | | |
| (ဂ) | ပြည်ထောင်စုလွှတ်တော် | | |

## ရောက်ရှိကြောင်းအကြောင်းကြားခြင်း

၄။ ဒုတိယအကြိမ် လွှတ်တော်ပထမပုံမှန် အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေးနှင့် စပ်လျဉ်းသည့် ကြိုတင်ဆောင်ရွက်ရန်ကိစ္စများအတွက် သတ်မှတ်ရက်ထက် နောက်မကျဘဲ နေပြည်တော်သို့ ရောက်ရှိရန်နှင့် ထိုသို့ ရောက်ရှိကြောင်းကို သက်ဆိုင်ရာ လွှတ်တော်ရုံးများ၏ အစီအစဉ်အတိုင်း ဆက်သွယ်ဆောင်ရွက်ရန် ဖြစ်ပါသည်။

## သတင်းပို့ခြင်း

၅။ နေပြည်တော်သို့ ရောက်ရှိလာသော လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ လွှတ်တော်ရုံးများက သတ်မှတ်ထားရှိသည့်နေရာသို့ နိုင်ငံသားစိစစ်ရေး ကတ်ပြားကို ယူဆောင်၍ ကိုယ်တိုင်လာရောက် သတင်းပို့ရန် ဖြစ်ပါသည်။ ထိုသို့ သတင်းပို့သည့်အခါ သက်ဆိုင်ရာ လွှတ်တော်ရုံးအသီးသီးမှ အောက်ပါတို့ကို ထုတ်ပေးမည်ဖြစ်ပါသည်–

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးထားသော လွှတ်တော်ကိုယ်စားလှယ် အသိအမှတ်ပြုလွှာ၊

(ခ) လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကတ်ပြား၊

(ဂ) လွှတ်တော်ကိုယ်စားလှယ် ကိုယ်ရေးမှတ်တမ်းအကျဉ်းချုပ်၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊

(င) ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ၊

(စ) ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ

(ဆ) အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ၊

(ဇ) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ၊

(ဈ) လွှတ်တော်ကိုယ်စားလှယ် လမ်းညွှန်စာအုပ်၊

(ည) လွှတ်တော်ကိုယ်စားလှယ်များ လက်စွဲစာအုပ်။



## တည်းခိုနေထိုင်ရေး

၆။ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိစဉ်ကာလအတွင်း တည်းခိုနေထိုင်ရေးအတွက် အောက်ပါအတိုင်း စီစဉ်ထားရှိပါသည် -

(က) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်များအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်၊

(ခ) အခြားနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များအတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ တည်းခိုရိပ်သာ၊

(ဂ) တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအတွက် အမှတ်(၇) တည်းခိုရေး စခန်း၊ ရွာတော်။



၇။ မိမိအစီအစဉ်ဖြင့် တည်းခိုနေထိုင်လိုပါက တည်းခိုမည့်လိပ်စာနှင့် ဆက်သွယ်နိုင်သည့် တယ်လီဖုန်းအမှတ်တို့ကို သက်ဆိုင်ရာလွှတ်တော်ရုံးသို့ ပေးပို့ထားရန်ဖြစ်ပါသည်။

## စားသောက်ရေးအစီအစဉ်

၈။ လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်သည့်ရက်များတွင် ကိုယ်စားလှယ်များသည် လန်းဆန်းစာနှင့် နေ့လည်စာ စားသုံးလိုပါက ဝယ်ယူသုံးဆောင်နိုင်ရေး စီစဉ်ထားရှိပါသည်။



## သယ်ယူပို့ဆောင်ရေး

၉။ (က) လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်သည့် အပိုဒ် ၆ ပါ နေရာများမှ လွှတ်တော်အစည်းအဝေး တက်ရောက်ရန် သယ်ယူပို့ဆောင်ရေးကို သက်ဆိုင်ရာ လွှတ်တော်အလိုက် စီစဉ်ထားရှိပါသည်။

(ခ) လွှတ်တော်အစည်းအဝေးသို့ မိမိအစီအစဉ်ဖြင့် လာရောက်မည်ဆိုပါက အသုံးပြုမည့် ယာဉ်အမျိုးအစား၊ ယာဉ်အမှတ်၊ ယာဉ်မောင်းအမည်နှင့် နိုင်ငံသားစိစစ်ရေး အမှတ်တို့ကို သက်ဆိုင်ရာ လွှတ်တော်ရုံးသို့ ကြိုတင်ပေးပို့၍ လွှတ်တော်ဝင်း ယာဉ်ဝင်ခွင့်ကတ် ထုတ်ယူထားရန် ဖြစ်ပါသည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော် ရောက်ရှိ/ ထွက်ခွာရာတွင် လေဆိပ်၊ ကားဂိတ်၊ ဘူတာရုံတို့တွင် ကြို/ ပို့ဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိပါသည်။

## တယ်လီဖုန်းဆက်သွယ်ရေး

၁၀။ လွှတ်တော်အဆောက်အဦအတွင်း ကြိုတင်ငွေပေးကတ်ဖြင့် ဆက်သွယ်နိုင်သော တယ်လီဖုန်းများ တပ်ဆင်ထားပါသည်။ ကြိုတင်ငွေပေးကတ်များကို တယ်လီဖုန်း တည်ရှိရာ နေရာများ၌ တာဝန်ချထားသည့် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ တာဝန်ကျဝန်ထမ်းများထံတွင် ဝယ်ယူနိုင်ရန် စီစဉ်ထားရှိပါသည်။

## လွှတ်တော်ဝင်းအတွင်းသို့ဝင်/ထွက်ရေး

၁၁။ လွှတ်တော်အစည်းအဝေး တက်ရောက်ရန် လာရောက်ကြသည့် လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကတ်ပြားကို ချိတ်ဆွဲလာရန် ဖြစ်ပါသည်။ လွှတ်တော် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား မပါရှိပါက လွှတ်တော်ဝင်းအတွင်းသို့ ဝင်ရောက်ခွင့်ရှိမည် မဟုတ်ပါ။ လွှတ်တော်ဝင်းအတွင်းသို့ ဝင်/ထွက်ရန် တံတားနှစ်စင်းရှိသည့်အနက် လွှတ်တော်ကိုယ်စားလှယ်များသည် အမှတ်(၁)တံတားမှ ဝင်ရောက်ပြီး အမှတ်(၂)တံတားမှ ပြန်လည်ထွက်ခွာ ရပါမည်။

## လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီကစိစစ်ခြင်း

၁၂။ လွှတ်တော်အသီးသီးက ဖွဲ့စည်းသော လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီသည် ဒုတိယအကြိမ် လွှတ်တော်ပုံမှန်အစည်းအဝေးများသို့ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကထုတ်ပေးသည့် အသိအမှတ်ပြုလွှာဖြင့် စိစစ်အတည်ပြုမည်ဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ကတိသစ္စာမပြုရသေးသော ကိုယ်စားလှယ်များ တက်ရောက်ခွင့်ရရှိမည် မဟုတ်ပါ။



## လွှတ်တော်အစည်းအဝေးခန်းမများအတွင်းထိုင်ခုံနေရာအစီအစဉ်

၁၃။ အောက်ပါအတိုင်း စီစဉ်ထားရှိပါသည်–

(က) ရွေးကောက်ခံ လွှတ်တော် ကိုယ်စားလှယ်များအား ပြည်နယ်နှင့် တိုင်းဒေသကြီးအမည် အက္ခရာစဉ်အလိုက်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတစ်ခုအတွင်း မဲဆန္ဒနယ် အက္ခရာစဉ်အလိုက် လည်းကောင်း နေရာချထားပါမည်။

(ခ) တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကပေးပို့သည့် အမည်အစဉ်အလိုက် နေရာချထားပါမည်။

## ထိုင်ခုံနေရာပြကတ်ပြားများထုတ်ပေးခြင်း

၁၄။ (က) လွှတ်တော် ကိုယ်စားလှယ်များ လွှတ်တော်အစည်းအဝေးခန်းမအတွင်း နေရာယူရမည့် ထိုင်ခုံအလိုက် ထိုင်ခုံနေရာပြ ကတ်ပြားများကို လွှတ်တော် အစည်းအဝေး တက်ရောက်ကြောင်း လက်မှတ်ရေးထိုးသည့် နေရာတွင် လွှတ်တော်ရုံး ဝန်ထမ်းများက ထုတ်ပေးမည်ဖြစ်ပါသည်။

(ခ) ထိုင်ခုံနေရာပြ ကတ်ပြားများကို သက်ဆိုင်ရာ လွှတ်တော်အစည်းအဝေး ခန်းမအတွင်းရှိ သတ်မှတ် နေရာနှင့် ကိုယ်စားလှယ်များ၏ ထိုင်ခုံနေရာ အစီအစဉ်ကို အစည်းအဝေးခန်းမများအပြင်ရှိ ကြော်ငြာ သင်ပုန်းတွင် ကပ်ထားပေးမည်ဖြစ်ပါသည်။

## ဆန္ဒမဲပေးကတ် (Voting Card) ထုတ်ယူခြင်းနှင့်ပြန်လည်အပ်နှံခြင်း

၁၅။ လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကောင်တာများတွင် အစည်းအဝေးတက်ရောက်ကြောင်း လက်မှတ်ရေးထိုးပြီးနောက်ကိုယ်စားလှယ် စိစစ်ရေးကတ်ဖြင့် ဆန္ဒမဲပေးကတ် (Voting Card) ကို လဲလှယ်ထုတ်ယူကြရန် ဖြစ်ပါသည်။ တစ်နေ့တာ လွှတ်တော်အစည်းအဝေး အစီအစဉ်များ ပြီးဆုံးပြီးနောက် ဆန္ဒမဲပေးကတ်ကို ထုတ်ယူသည့်နေရာတွင် ကိုယ်စားလှယ် စိစစ်ရေးကတ်ဖြင့် ပြန်လည်လဲလှယ် ထုတ်ယူပြီးမှသာ လွှတ်တော်ဝင်းအတွင်းမှ ပြန်လည်ထွက်ခွာရန် ဖြစ်ပါသည်။




## စကားပြောခွက် (MIC) အသုံးပြုရန် နည်းလမ်း

၁၆။ (က) လွှတ်တော် ကိုယ်စားလှယ် တစ်ဦးချင်းအတွက် စကားပြောခွက်နှင့် ဆန္ဒမဲပေး စက်ခလုတ်တစ်စုံစီ တပ်ဆင်ပေးထားပါသည်။ စကားပြောခွင့် တောင်းခံနိုင်ရန် (MIC) ခလုတ်ကို ဆန္ဒမဲပေးစက်ခလုတ်၏ လက်ယာဘက်တွင် တပ်ဆင်ထားပါသည်။

(ခ) လွှတ်တော် ကိုယ်စားလှယ်များသည် စကားပြောခွက် အသုံးပြုလိုပါက ဆန္ဒမဲပေး စက်ခလုတ်ခုံတွင် ဆန္ဒမဲပေးကတ် (Voting Card) ကိုထည့်ပြီး (MIC) ခလုတ်ကို နှိပ်ရပါမည်။ (MIC) ခလုတ်မှ အနီရောင်မီး မှိတ်တုတ် မှိတ်တုတ် ပေါ်လာပြီး သဘာပတိ/ ဥက္ကဋ္ဌ/ နာယကထံ အချက်ပေးပါမည်။

(ဂ) သဘာပတိ/ ဥက္ကဋ္ဌ/ နာယက က ခွင့်ပြုပါက စကားပြောခွက်တွင် အနီရောင်မီး လင်းလာပါမည်။ ထိုအခါ ခွင့်ပြုချက်ရပြီဖြစ်၍ စတင်ပြောကြားရန်ဖြစ်ပြီး စကားပြောခွက်တွင် အနီရောင်မီး မှိတ်သွားပါက သတ်မှတ်ချိန်ပြည့်သွားပြီ ဖြစ်ပါသည်။




## ဆန္ဒမဲပေးစက်ခလုတ် အသုံးပြုသည့် နည်းလမ်း

၁၇။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေးများ၌ ဆန္ဒမဲပေး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးရန် ရှိပါက အောက်ပါအတိုင်းအသုံးပြုရန် ဖြစ်ပါသည်-

(က) ဆန္ဒမဲပေးကတ် (VotingCard)ကို သတ်မှတ်ထိုင်ခုံ၌ နေရာယူပြီးသည်နှင့် ဆန္ဒမဲပေး စက်ခလုတ်တွင် ထည့်ရပါမည်။ (ယင်းကတ်ကို မထည့်လျှင် ဆန္ဒမဲပေး၍ရမည် မဟုတ်ပါ။)

(ခ) ဆန္ဒမဲပေးရန် အသင့်ရှိစေလိုကြောင်း ကြေညာပြီးနောက် အစည်းအဝေးခန်းမ မျက်နှာစာနံရံဘက်ရှိ LED Boardတွင် အစိမ်းရောင်လိုင်း အချက်ပြသည့်အခါ ဥက္ကဋ္ဌ/ နာယကက "ဆန္ဒမဲပေးနိုင်ကြပါပြီ" ဟု ကြေညာမည်ဖြစ်ပါသည်။ ထိုအခါ လွှတ်တော်ကိုယ်စားလှယ်များက ဆန္ဒမဲပေးရန် ဖြစ်ပါသည်။

(ဂ) ယင်းသို့ဆန္ဒမဲပေးရာ၌ လွှတ်တော်ကိုယ်စားလှယ်များ၏ စားပွဲတွင်ထားရှိသော အစိမ်းရောင်၊ အနီရောင်၊ အဝါရောင်ခလုတ်(၃)ခုအနက်-

(၁) ထောက်ခံဆန္ဒမဲပေးလိုလျှင် အစိမ်းရောင်ခလုတ်ကို နှိပ်ရန် ဖြစ်ပါသည်။

(၂) ကန့်ကွက်ဆန္ဒမဲပေးလိုလျှင် အနီရောင်ခလုတ်ကိုနှိပ်ရန် ဖြစ်ပါသည်။

(၃) ကြားနေဆန္ဒမဲပေးလိုလျှင် အဝါရောင်ခလုတ်ကိုနှိပ်ရန် ဖြစ်ပါသည်

(ဃ) ဆန္ဒမဲပေးရန် အစိမ်းရောင် အချက်ပြလိုင်းမပျောက်မီ မိမိဆန္ဒမဲပေးလိုသည့် ဆန္ဒမဲပေးခလုတ်ကို နှိပ်ရပါမည်။ မှားယွင်းနှိပ်မိ၍ ပြင်ဆင်လိုပါက ပြင်ဆင်လိုသည့် ဆန္ဒမဲပေးခလုတ်ကို ထပ်မံနှိပ်ရန် ဖြစ်ပါသည်။ စက္ကန့် ၃၀ အတွင်း အစိမ်းရောင်အချက်ပြလိုင်း မပျောက်မီ နောက်ဆုံးနှိပ်သော ခလုတ်သည် ဆန္ဒမဲပေးခြင်းအတွက် အတည်ဖြစ်ပါသည်။

(င) စက်ဖြင့် ဆန္ဒမဲရေတွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲ ပေးပြီးတိုင်း ဆန္ဒမဲအရေအတွက်ကို အောက်ဖော်ပြပါအတိုင်း စက်မှ ခွဲခြားရေတွက်ပြီး လွှတ်တော်အစည်းအဝေးခန်းမ မျက်နှာစာရှိ LED Board တွင် ကိန်းဂဏန်းဖြင့် ဖော်ပြမည်ဖြစ်ပါသည်–

(၁) ဆန္ဒမဲ ပေးခွင့်ရှိသူပေါင်း၊

(၂) ထောက်ခံ ဆန္ဒမဲပေါင်း၊

(၃) ကန့်ကွက် ဆန္ဒမဲပေါင်း၊

(၄) ကြားနေ ဆန္ဒမဲပေါင်း၊

(၅) ဆန္ဒမဲအရေအတွက် စုစုပေါင်း။

(စ) သဘာပတိတင်မြှောက်ခြင်း၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက် ခြင်းများအတွက် ဆန္ဒမဲပေးရာ၌ မိမိထောက်ခံလိုသည့် ပုဂ္ဂိုလ်တစ်ဦးအား အစိမ်းရောင်ခလုတ်နှိပ်၍ ထောက်ခံဆန္ဒမဲပေးပြီးဖြစ်လျှင် အခြားယှဉ်ပြိုင် အရွေးခံသည့် ပုဂ္ဂိုလ်တစ်ဦးအား ထပ်မံ၍ ဆန္ဒမဲပေးခြင်း မပြုနိုင်ရန် စက်ခန်းက ထိန်းချုပ်ထားပြီး ဖြစ်ပါသည်။

## လွှတ်တော်ကိုယ်စားလှယ်များအတွက်ဝန်ဆောင်မှု

၁၈။ နည်းပညာဝန်ဆောင်မှု အနေဖြင့် လွှတ်တော်အစည်းအဝေးများအတွင်း ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို Power Point ဖြင့် ရှင်းလင်းပြသနိုင်ရေး ကူညီဆောင်ရွက်ပေးခြင်း၊ ကိုယ်စားလှယ်များအတွက် စာဖတ်ခန်းများတွင် Internet ဝန်ဆောင်မှုပေးခြင်း၊ လွှတ်တော် Website များမှ လွှတ်တော်ဆိုင်ရာ သတင်း အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ Online Service ဆောင်ရွက်ပေးနေခြင်းစသည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

၁၉။ သုတေသန ဝန်ဆောင်မှုအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး၊ အခွန်အကောက်နှင့် နိုင်ငံတော်၏အမျိုးသားစီမံကိန်းဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ဖြေဆိုခြင်း၊ သုတေသနစာတမ်းတို ရေးသားထုတ်ဝေခြင်းစသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀။ စာကြည့်တိုက် ဝန်ဆောင်မှုအနေဖြင့် လွှတ်တော် ကိုယ်စားလှယ်များအား အထောက်အကူပြုရေးအတွက် နိုင်ငံရေး၊ လူမှုရေး၊ ဥပဒေပညာရပ်ဆိုင်ရာစာအုပ်များကို အထူးစုဆောင်းထားရှိပြီး စာကြည့်တိုက်များရှိ စာအုပ်များကို အလွယ်တကူ ရှာဖွေနိုင်ရန် e-lib software ကိုအသုံးပြုထားပြီး e-book များကိုလည်း စုဆောင်းထားရှိပါသည်။ ၎င်းအပြင် လွှတ်တော်အစည်းအဝေး ကျင်းပသည့် ခန်းမကြီးများ၏ အနီးအနားတွင် စာဖတ်ခန်းများကို ဖွင့်လှစ်ထားရှိပြီး စာဖတ်ခန်းအတွင်း ဖတ်ရှုလေ့လာနိုင်ရန် ဝန်ဆောင်မှုဆောင်ရွက်ပေးပါသည်။

၂၁။ အစည်းအဝေးကျင်းပစဉ် ကာလအတွင်း ကိုယ်စားလှယ်များ၏ ကျန်းမာရေးအတွက် သက်ဆိုင်ရာ လွှတ်တော်အစည်းအဝေးခန်းများ အနီးတွင် အစည်းအဝေးကျင်းပချိန်တလျှောက်လုံး ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်တစ်ဦး ဦးစီး၍သူနာပြုများဖြင့် လည်းကောင်း၊ တိုင်းရင်းဆေးဝါး ကုသလိုသူများအတွက် တိုင်းရင်းဆေးခန်းကိုလည်းကောင်း စီစဉ်ထားပြီး အရေးပေါ်လူနာများအား ဆေးရုံသို့ အချိန်မီပို့ဆောင်နိုင်ရေးအတွက် လူနာတင်ယာဉ် တွဲဖက်ထားရှိပါသည်။

## လွှတ်တော်ရုံးများနှင့်ဆက်သွယ်ဆောင်ရွက်ရေး

### ၂၂။ ပြည်ထောင်စုလွှတ်တော်ရုံး

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ် | ၀၆၇-၅၉၁၂၁၅၊ ၅၉၁၄၁၅<br>ဖက်စ်၊ ၀၆၇-၆၉၅၄၉<br>Hand Ph: ၀၉ ၄၄၈၅၃၉၆၆၆ |
| (ခ) | နိုင်ငံတကာဆက်ဆံရေး၊ သုတေသနနှင့် စာကြည့်တိုက်ဌာနကြီး | |
| | (၁) ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၆၇-၅၉၁၃၀၈<br>ဖက်စ်၊ ၀၆၇-၅၉၁၃၄၅ |
| | (၂) ညွှန်ကြားရေးမှူး | ၀၆၇-၅၉၁၁၈၆ |
| (ဂ) | အစည်းအဝေးဌာနကြီး | |
| | (၁) ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၆၇-၅၉၁၂၁၁၊<br>ဖက်စ်၊ ၀၆၇-၅၉၁၁၈၇ |
| | (၂) ညွှန်ကြားရေးမှူး | ၀၆၇-၅၉၁၂၁၉ |
| (ဃ) | စီမံရေးဌာနကြီး | |
| | (၁) ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၆၇-၅၉၁၁၈၃<br>ဖက်စ်၊ ၀၆၇-၅၉၁၂၉၄ |
| | (၂) ညွှန်ကြားရေးမှူး | ၀၆၇-၅၉၁၁၈၉ |

### ၂၃။ ပြည်သူ့လွှတ်တော်ရုံး

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ် | ၀၆၇-၅၉၁၃၃၈ |
| (ခ) | ဥက္ကဋ္ဌရုံး | |
| | (၁) ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၆၇-၅၉၁၁၉၂ |
| | (၂) ညွှန်ကြားရေးမှူး | ၀၆၇-၅၉၁၁၉၅ |
| | (၃) ညွှန်ကြားရေးမှူး | ၀၆၇-၅၉၁၂၇၉ |
| | (၄) ညွှန်ကြားရေးမှူး (ဒုတိယဥက္ကဋ္ဌရုံး) | ၀၆၇-၅၉၁၆၁၈ |

| | | |
|---|---|---|
| (ဂ) | အစည်းအဝေးနှင့်ကော်မတီဌာနကြီး | |
| | (၁) ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၆၇-၅၉၁၀၉၇ |
| | (၂) ညွှန်ကြားရေးမှူး | ၀၆၇-၅၉၁၂၅၇ |
| | (၃) ညွှန်ကြားရေးမှူး | ၀၆၇-၅၉၁၅၁၁ |
| (ဃ) | သုတေသန၊ နည်းပညာနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီး | |
| | (၁) ညွှန်ကြားရေးမှူး | ၀၆၇-၅၉၁၂၈၂ |
| | (၂) ညွှန်ကြားရေးမှူး | ၀၆၇-၅၉၁၀၆၆ |
| (င) | စီမံရေးရာဌာနကြီး | |
| | (၁) ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၆၇-၅၉၁၀၇၇ |
| | (၂) ညွှန်ကြားရေးမှူး | ၀၆၇-၅၉၁၀၇၆ |
| | (၃) ညွှန်ကြားရေးမှူး | ၀၆၇-၅၉၁၂၇၈ |

## ၂၄။ အမျိုးသားလွှတ်တော်ရုံး

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ် | ၀၆၇-၅၉၁၀၉၉<br>ဖက်စ်၊ ၀၆၇-၅၉၁၀၄၂ |
| (ခ) | ဥက္ကဋ္ဌရုံး | |
| | (၁) ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၆၇-၅၉၁၀၀၄<br>ဖက်စ်၊၀၆၇-၅၉၁၃၈၂ |
| | (၂) ညွှန်ကြားရေးမှူး (ဥက္ကဋ္ဌရုံး) | ၀၆၇-၅၉၁၃၀၇ |
| | (၃) ဒုတိယညွှန်ကြားရေးမှူး (ဒုတိယဥက္ကဋ္ဌရုံး) | ၀၆၇-၅၉၁၅၆၅ |
| (ဂ) | ဥပဒေပြုဌာနကြီး | |
| | (၁) ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၆၇-၅၉၁၂၀၂<br>ဖက်စ်၊၀၆၇-၅၉၁၅၃၈ |
| | (၂) ညွှန်ကြားရေးမှူး၊ အစည်းအဝေးဌာန | ၀၆၇-၅၉၁၀၄၅<br>ဖက်စ်၊၀၆၇-၆၉၅၅၇ |

| | | |
|---|---|---|
| | (၃) ညွှန်ကြားရေးမှူး၊ မှတ်တမ်းဌာန | ၀၆၇-၅၉၁၄၀၇ |
| | (၄) ညွှန်ကြားရေးမှူး၊ဥပဒေနှင့်လုပ်ထုံးလုပ်နည်းဌာန | ၀၆၇-၅၉၁၂၉၉ |
| | (၅) ညွှန်ကြားရေးမှူး၊ ဥပဒေကြမ်းကော်မတီဌာန | ၀၆၇-၅၉၁၅၆၆<br>ဖက်စ်၊၀၆၇-၅၉၁၂၆၄ |
| | (၆) ညွှန်ကြားရေးမှူး၊ ပြည်သူ့ငွေစာရင်း ကော်မတီဌာန | ၀၆၇-၅၉၁၄၆၆ |
| | (၇) ညွှန်ကြားရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီဌာန | ၀၆၇-၅၉၁၄၁၆ |
| | (၈) ညွှန်ကြားရေးမှူး၊ ရေးရာကော်မတီများ၊ ကော်မရှင်နှင့်အဖွဲ့များဌာန | ၀၆၇-၅၉၁၃၉၀<br>၀၆၇-၅၉၁၂၇၄ |
| (ဃ) | သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့်နိုင်ငံတကာဆက်ဆံရေးဌာနကြီး | |
| | (၁) ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၆၇-၅၉၁၂၃၄ |
| | (၂) ညွှန်ကြားရေးမှူး | ၀၆၇-၅၉၁၂၃၅<br>ဖက်စ်၊၀၆၇-၅၉၁၃၈၀ |
| (င) | စီမံရေး၊ ဘဏ္ဍာရေးနှင့်ကျန်းမာရေးဌာနကြီး | |
| | (၁) ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၆၇-၅၉၁၂၂၉ |
| | (၂) ညွှန်ကြားရေးမှူး၊ စီမံ | ၀၆၇-၅၉၁၂၃၇<br>ဖက်စ်၊၀၆၇-၅၉၁၂၄၁ |
| | (၃) ညွှန်ကြားရေးမှူး၊ ကျန်းမာရေး | ၀၆၇-၅၉၁၂၆၇ |
| | (၄) မော်တော်ယာဉ်ဌာနခွဲ | ၀၆၇-၅၉၁၂၆၂ |
| | (၅) ငွေစာရင်းဌာနခွဲ | ၀၆၇-၅၉၁၂၃၈ |



## တည်းခိုနေထိုင်စရိတ်၊ စားသောက်စရိတ်နှင့် ခရီးစရိတ်ထုတ်ယူရေးအစီအစဉ်

၂၅။ လွှတ်တော်ကိုယ်စားလှယ်များ၏ တည်းခိုနေထိုင်စရိတ်၊ စားသောက်စရိတ်နှင့် ခရီး စရိတ်စသည့်ကိစ္စများ ဆောင်ရွက်ပေးနိုင်ရန် တာဝန်ကျဝန်ထမ်းများကို ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးများတွင် တာဝန်ချထားပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ ရောက်ရှိကြောင်းသတင်းပို့သည့်နေ့တွင် သက်ဆိုင်ရာလွှတ်တော်ရုံး တာဝန်ကျဝန်ထမ်းများထံမှ ခရီးစရိတ် တောင်းခံလွှာများ ရယူ၍ ဖြည့်စွက်ပေးရန်ဖြစ်ပါသည်။

### (က) ခရီးစရိတ်များ

(၁) ကိုယ်စားလှယ်များ၏ အမြဲတမ်းနေရပ်မှ အစည်းအဝေးကျင်းပရာ အရပ်သို့ လာရောက်သည့် ခရီးစဉ်အတွက် ခရီးစရိတ် တင်ပြတောင်းခံထုတ်ပေးခြင်း၊

(၂) အစည်းအဝေးကျင်းပပြီးစီး၍ နေရပ်သို့မပြန်မီ အပြန်ခရီးစရိတ်များကို အလာ ခရီးစဉ်ခွင့်ပြုနှုန်းအတိုင်း ကြိုတင်ထုတ်ပေးခြင်း၊

(၃) လွှတ်တော်မှပေးအပ်သော တာဝန်များထမ်းဆောင်ခြင်း ဆောင်ရွက်သည့် ခရီးစဉ်အတွက် သတ်မှတ်ထားသည့် ခရီးစရိတ်နှင့် နေ့တွက်စရိတ်များ ထုတ်ပေးခြင်း၊

## (ဓ) နေ့တွက်စရိတ်နှင့် ချီးမြှင့်ငွေ

(၁) ကတိသစ္စာပြုသည့်နေ့မှ စတင်၍ အစည်းအဝေးကျင်းပသည့် ကာလ အတွက် တစ်ရက်လျှင် စရိတ်ကျပ်၂၀၀၀၀/ – နှုန်း(တည်းခိုနေထိုင်စရိတ် ကျပ် ၅၀၀၀/ –၊ စားသောက်စရိတ်ကျပ် ၁၀၀၀၀/ –၊ အခြားအသုံးစရိတ်ကျပ် ၅၀၀၀/ –)နှင့် အစည်းအဝေးတက်ရောက်သည့် ကာလများအတွက် (၁၀)ရက် တစ်ကြိမ် တွက်ချက်၍ နေ့တွက်စရိတ် ထုတ်ပေးခြင်း၊

(၂) လစဉ်ချီးမြှင့်ငွေအား လွှတ်တော်ပုံမှန်အစည်းအဝေး ကျင်းပနေသည် ဖြစ်စေ၊ ရပ်နားနေသည် ဖြစ်စေ ငွေသားဖြင့် ထုတ်ပေးခြင်းမပြုဘဲ ကျသင့်သည့်ဝင်ငွေခွန် နုတ်ပယ်ပြီး ကျန်ရှိသည့် လစဉ်ချီးမြှင့်ငွေကို မြန်မာ့စီးပွားရေးဘဏ်ရှိ ကိုယ်စားလှယ်များ၏ စာရင်းရှင် Account များသို့လည်းကောင်း၊ ATM စက်ထဲသို့လည်းကောင်း၊ ကိုယ်စားလှယ်ပေးပို့ လိုသော ဘဏ်ခွဲများသို့ ဘဏ်ငွေလွှဲဖြင့်လည်းကောင်းပေးပို့ပါမည်။

(၃) ကိုယ်စားလှယ်အနေဖြင့် အစည်းအဝေးကျင်းပသည့် ကာလအတွင်း ဆေးရုံ တက်ရောက်ကုသမှု ခံယူရပါက နေပြည်တော် ကုတင်(၁၀၀၀) ဆေးရုံတွင် တက်ရောက်နေရသည့်ကာလ၊ နေပြည်တော်တွင် ကျန်းမာ ရေးအရ အနားယူနေရသည့်ရက်များအတွက် အစည်းအဝေး တက်ရောက် နိုင်ခြင်းမရှိသော်လည်း နေ့တွက်စရိတ် ထုတ်ပေးခြင်း၊

## (ဂ) ပင်စင်စနစ်

(၁) လွှတ်တော်သက်တမ်းပြည့် တာဝန်ထမ်းဆောင်သည့် ကိုယ်စားလှယ်အနေဖြင့် ယင်းတာဝန် ထမ်းဆောင်သည့် ကာလအတွက် လစဉ်ချီးမြှင့်ငွေပေါ် အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ သတ်မှတ်သည့် တစ်လုံးတစ်ခဲ တည်းသော နိုင်ငံရေးပင်စင် ချီးမြှင့်ငွေ ခံစားခွင့် ရှိပါသည်။

(၂) ကိုယ်စားလှယ်အနေဖြင့် လွှတ်တော်သက်တမ်း မကုန်ဆုံးမီ ကျန်းမာရေး ချွတ်ယွင်းမှုကြောင့် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်လျှင် ယင်းတာဝန် ထမ်းဆောင်သည့် ကာလအတွက် လစဉ် ချီးမြှင့်ငွေအပေါ် အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ သတ်မှတ်သည့် တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေး ပင်စင်ချီးမြှင့်ငွေ ခံစားခွင့်ရှိပါသည်။

(၃) သက်တမ်းကာလ မပြည့်မီ ကွယ်လွန်ပါက ယင်းတာဝန် ထမ်းဆောင် သည့် ကာလတွင်ရရှိခဲ့သော လစဉ်ချီးမြှင့်ငွေကိုအခြေခံ၍ ပြည်ထောင်စု အစိုးရအဖွဲ့က သတ်မှတ်သည့် တစ်လုံးတစ်ခဲတည်းသော မိသားစုနိုင်ငံ ရေးပင်စင် ချီးမြှင့်ငွေကို ခံစားခွင့်ရှိပါသည်။

## ဝတ်စုံသတ်မှတ်ချက်

၂၆။ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်သည့်အခါ အောက် ပါအတိုင်း ဝတ်ဆင်ရန်ဖြစ်ပါသည် –

(က) အမျိုးသားများ မြန်မာအမျိုးသား ဝတ်စုံဝတ်ဆင်ရာ၌ ကော်လာမပါသော မြန်မာရှပ်အင်္ကျီအဖြူ၊ ပုဆိုးနှင့် တိုက်ပုံဝတ်ဆင်၍ ခေါင်းပေါင်း ပေါင်းပါရန်၊

(ခ) အမျိုးသမီးများ ရင်ဖုံးအင်္ကျီလက်ရှည် ဝတ်ဆင်၍ ပုဝါခြုံပါရန်၊

(ဂ) တိုင်းရင်းသားလူမျိုးများသည် မိမိတို့ရိုးရာဝတ်စုံ ဝတ်ဆင်လိုပါက ဝတ်စုံပြည့် ဝတ်ဆင်ပါရန်၊

(ဃ) တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များသည် ကာကွယ်ရေးဝန်ကြီးဌာနမှ သတ်မှတ်သည့် ဝတ်စုံဝတ်ဆင်ပါရန်။

## အစည်းအဝေးဆိုင်ရာ သတ်မှတ်ချက်များ

၂၇။ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီသည် လွှတ်တော်ကျင်းပသည့်ရက် များတွင် လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ ကို နာယက/ ဥက္ကဋ္ဌထံ တင်ပြရမည်ဖြစ်ပါသည်။ သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ် များသည် လွှတ်တော် အစည်းအဝေးကျင်းပမည့် အချိန်မတိုင်မီ (၁၅)မိနစ် ကြိုတင်၍ ရောက်ရှိကြောင်း လက်မှတ်ရေးထိုးပြီးဖြစ်ရန် လိုအပ်ပါသည်။



လွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေး တက်ရောက်ကြောင်း လက်မှတ်ရေးထိုးပြီးနောက်တွင် အစည်းအဝေး တက်ရောက်နိုင်ခြင်း မရှိလျှင်သော်လည်းကောင်း၊ အစည်းအဝေးပြီးဆုံးသည်အထိ တက်ရောက်နိုင်ခြင်း မရှိလျှင်လည်းကောင်း နာယက/ဥက္ကဋ္ဌထံမှ ခွင့်ပြုချက် တောင်းခံရမည်။

## လွှတ်တော်အတွင်းလိုက်နာရမည့်အချက်များ

၂၈။ လွှတ်တော်အစည်းအဝေးအတွက် လိုအပ်သည့် စာရွက်စာတမ်းများကို မိမိနှင့်တစ်ပါတည်း ယူဆောင်လာရန် ဖြစ်ပါသည်။

၂၉။ လွှတ်တော်အစည်းအဝေး ခန်းမများအတွင်းသို့ အစည်းအဝေးနှင့် မသက်ဆိုင်သည့် စာရွက်၊ စာတမ်းများ၊ စာအုပ်စာစောင်များကို ယူဆောင်ဖတ်ရှုခြင်းမပြုရန် တားမြစ်ထားပါသည်။

၃၀။ (က) လွှတ်တော်အစည်းအဝေးခန်းမအတွင်းသို့ အောက်ပါပစ္စည်းများယူဆောင်လာခြင်း မပြုရန် တားမြစ်ထားပါသည်-

(၁) ရုပ်ရှင်/ရုပ်သေကင်မရာ၊

(၂) ရေဒီယို/ကက်ဆက်၊

(၃) အသံလွှင့်၊ အသံဖမ်းကိရိယာ စသည့်ပစ္စည်းများ၊

(၄) လက်နက်၊ ခဲယမ်းနှင့် မီးလောင်ပေါက်ကွဲစေတတ်သောပစ္စည်းများ (လွှတ်တော်ဝင်းအတွင်း လုံးဝယူဆောင်လာခြင်းမပြုရ)၊

(၅) အစားအသောက်များ၊

(၆) အစည်းအဝေးနှင့် မသက်ဆိုင်သည့် စာရွက်စာတမ်းများ၊

(ခ) လွှတ်တော်ဝင်းအတွင်းရှိ အဆောက်အဦများတွင် သတ်မှတ်နေရာမှအပ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းလုံးဝ မပြုလုပ်ရန် တားမြစ်ထားပါသည်။

## လွှတ်တော်ဆိုင်ရာကိစ္စများဆောင်ရွက်ခြင်း

၃၁။ သက်ဆိုင်ရာလွှတ်တော်အလိုက် သဘာပတိ တင်မြှောက်ခြင်း၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ဒုတိယနာယက တာဝန်ထမ်းဆောင်ခြင်း၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းဝင် ပုဂ္ဂိုလ်များ ခန့်အပ်တာဝန်ပေးခြင်း၊ လွှတ်တော်ပူးပေါင်းကော်မတီ၊ ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ လွှတ်တော်ရေးရာလုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ခြင်းတို့ကို ရက်အလိုက် အစီအစဉ်များ ကြိုတင်ဖြန့်ဝေ၍ဆောင်ရွက်သွားမည် ဖြစ်ပါသည်။




ပြည်သူ့လွှတ်တော်



# ၂

## ဒုတိယအကြိမ်
## ပြည်သူ့လွှတ်တော်နှင့်
## အမျိုးသားလွှတ်တော်
## ပထမပုံမှန် အစည်းအဝေး
## ပထမနေ့ကျင်းပခြင်း


အမျိုးသားလွှတ်တော်

# အခန်း(၂)

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး ပထမနေ့ကျင်းပခြင်း

## သဘာပတိတင်မြှောက်ခြင်း

၁။ သဘာပတိတင်မြှောက်ခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ညွှန်ကြားရေးမှူးချုပ်များသည် သက်ဆိုင်ရာ လွှတ်တော်အစည်းအဝေးများတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရမည်။ [နည်း– ၇(က)]

(ခ) သဘာပတိလောင်း အမည်စာရင်း တင်သွင်းလိုသည့် ကိုယ်စားလှယ်များသည် အမည်စာရင်း တင်သွင်းလွှာ ပုံစံ(၁) နှင့် (၂) ကို အခမ်းအနားမှူးထံမှ ထုတ်ယူရမည်။ [နည်း– ၇(ခ)]

(ဂ) မိမိအမည်စာရင်း တင်သွင်းလိုက်သော ကိုယ်စားလှယ်သည် သဘာပတိအဖြစ် တင်မြှောက်ခြင်းခံရလျှင် အဆိုပါကိုယ်စားလှယ်နှင့် တင်သွင်းသူတို့သည် သဘောတူညီမှု ရရှိပြီးဖြစ်ရမည်။ [နည်း– ၇(ဂ)]

(ဃ) အမည်စာရင်းတင်သွင်းသူသည် အမည်စာရင်းတင်သွင်းလွှာတွင် လိုအပ်သည့် အချက်အလက်များကို ဖြည့်သွင်း၍ အခမ်းအနားမှူးထံပေးအပ်ရမည်။ [နည်း– ၇(ဃ)]

(င) အခမ်းအနားမှူးသည် အမည်စာရင်း တင်သွင်းလွှာများကို စုစည်း၍ သဘာပတိလောင်းများ၏ အက္ခရာစဉ်အလိုက် အမည်စာရင်းကို လွှတ်တော်တွင် ပုံစံ(၃)ဖြင့် ကြေညာရမည်။[နည်း– ၇(င)]

## သဘာပတိလောင်းအဖြစ် အမည်စာရင်းတင်သွင်းခြင်း

၂။ သဘာပတိလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာရှိလျှင် ယင်းအား သဘာပတိအဖြစ် တင်မြှောက်ကြောင်း အခမ်းအနားမှူးက ကြေညာ၍ သဘာပတိ တာဝန်ထမ်းဆောင်ရန်ဖိတ်ခေါ်ရမည်။ [နည်း–၇ (စ)]

၃။ (က) သဘာပတိလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးထက်ပိုလျှင် စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်ရမည်။ [နည်း–၈ (က)]

(ခ) ကြီးကြပ်သူအရာရှိသည် –

(၁) ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒမဲအရေအတွက်ကို သဘာပတိလောင်း တစ်ဦးချင်းအလိုက် ပုံစံ (၄)ဖြင့် ပြုစုရမည်။ [နည်း–၈ (ခ)(၁)]

(၂) သဘာပတိလောင်း တစ်ဦးချင်းအား ဆန္ဒပြုထားသော ဆန္ဒမဲအရေအတွက်ကို ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေနှင့် ကိုက်ညီမှုရှိ၊ မရှိ တိုက်ဆိုင်စိစစ်ရပါမည်။ ထိုသို့စိစစ်ရာတွင် ဆန္ဒမဲပေးသည့် လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေမှ လျော့နည်းသော ဦးရေကို ဆန္ဒမဲမပေးသူဟု မှတ်ယူရမည်။ [နည်း–၈(ခ)(၂)]

(၃) လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေထက် ဆန္ဒမဲအရေအတွက်က ပိုနေသည်ကိုတွေ့ရှိလျှင် အခမ်းအနားမှူးထံ ချက်ချင်းတင်ပြရမည်။ [နည်း–၈ (ခ)(၃)]

(၄) အခမ်းအနားမှူးသည် ကြီးကြပ်သူအရာရှိ၏ တင်ပြချက်ကို လက်ခံရရှိလျှင် ဆန္ဒမဲကိုက်ညီမှု မရှိသဖြင့် ဆန္ဒမဲပေးပွဲကို ထပ်မံပြုလုပ်မည်ဖြစ်ကြောင်း လွှတ်တော်သို့ ကြေညာ၍ ကိုက်ညီမှုရှိပါက သဘာပတိလောင်းများ ရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းကို ပုံစံ(၅)ဖြင့် ပြုစုရမည်။[နည်း–၈ (ခ)(၄)]

(ဂ) အခမ်းအနားမှူးသည် ပုံစံ(၅)အရ သဘာပတိလောင်းများ ရရှိသည့် ထောက်ခံဆန္ဒမဲ အများ အနည်းအလိုက် သဘာပတိအဖြစ် တင်မြှောက်ကြောင်း ကြေညာ၍ သဘာပတိ တာဝန်ထမ်းဆောင်ရန် ဖိတ်ခေါ်ရမည်။ [နည်း–၈ (ဂ)]

(ဃ) ထောက်ခံဆန္ဒမဲ အများဆုံးနေရာ၌ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပို၍ တူညီနေလျှင် ဆန္ဒမဲ တူညီနေသူများအတွက် ဒုတိယအကြိမ် ဆန္ဒမဲပေးပွဲကို ထပ်မံကျင်းပရမည်။ [နည်း–၈ (ဃ)]

(င) ဒုတိယအကြိမ် ထပ်မံကျင်းပသည့် ဆန္ဒမဲပေးပွဲတွင်လည်း တူညီနေလျှင် ဆန္ဒမဲ ပေးပွဲကို တတိယအကြိမ် ထပ်မံကျင်းပရမည်။ တတိယအကြိမ်ပြုလုပ်သည့် ဆန္ဒမဲပေးပွဲတွင်လည်း တူညီနေလျှင် အခမ်းအနားမှူးသည် မဲနှိုက်၍ သဘာပတိ အဖြစ်တင်မြှောက်ကြောင်း ကြေညာဖိတ်ခေါ်ရမည်။ [နည်း–၈ (င)]





## သဘာပတိကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

၄။ သဘာပတိ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) သဘာပတိ တာဝန်မထမ်းဆောင်မီ လွှတ်တော်ရှေ့မှောက်တွင် ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းကို ဆောင်ရွက်ရမည်။ [နည်း– ၉ (က)]

(ခ) သဘာပတိ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးနိုင်ရေးအတွက် အခမ်းအနားမှူးက ဆောင်ရွက်ပေးရမည်။ [နည်း– ၉ (ခ)]



## လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

၅။ လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) လွှတ်တော် သက်တမ်းတိုင်း၏ ပထမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များသည် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြု၍ လက်မှတ် ရေးထိုးရမည်။ [ဥပဒေပုဒ်မ ၈(က)၊ နည်း– ၅ (ဂ)]

(ခ) ကတိသစ္စာ မပြုရသေးသော လွှတ်တော်ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော လွှတ်တော် အစည်းအဝေးတွင် ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုပြီးလက်မှတ်ရေးထိုးရမည်။ [ဥပဒေပုဒ်မ ၈(ခ)၊ နည်း– ၅ (ဂ)]

## လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ ရွေးကောက်တင်မြှောက်ခြင်း

၆။ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ ရွေးကောက်တင်မြှောက်ခြင်းကို အောက်ပါ အတိုင်းဆောင်ရွက်ရမည်–

(က) လွှတ်တော်ကိုယ်စားလှယ်များအနက်မှ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ရမည်။(ဥပဒေပုဒ်မ–၁၅)

(ခ) ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရန်အတွက် ဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းရမည်။(နည်း– ၁၀)

(ဂ) ဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များသည် အမည်စာရင်း တင်သွင်းလွှာပုံစံ (၁)ကို ထုတ်ယူရန် ပုံစံ(၂)တွင် လက်မှတ် ရေးထိုး၍ အခမ်းအနားမှူးထံမှ ထုတ်ယူရမည်။ [နည်း– ၁၀(က)]

(ဃ) အမည်စာရင်းတင်သွင်းသူသည် အမည်စာရင်းတင်သွင်းလွှာတွင် လိုအပ်သည့် အချက်အလက်များကို ဖြည့်သွင်းပြီး အခမ်းအနားမှူးမှ တစ်ဆင့် သဘာပတိထံ တင်သွင်းရမည်။[နည်း– ၁၀(ခ)]

(င) အမည်စာရင်း တင်သွင်းသူနှင့် တင်သွင်းမည့် ပုဂ္ဂိုလ်အကြား ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရလျှင် လက်ခံဆောင်ရွက်ရန် သဘောတူညီပြီး ဖြစ်ရမည်။ [နည်း– ၁၀(ဂ)]

(စ) အမည်စာရင်း တင်သွင်းခံရသော ကိုယ်စားလှယ်သည် ဆန္ဒမဲပေးပွဲမကျင်းပမီ ဥက္ကဋ္ဌလောင်းအဖြစ်မှ နုတ်ထွက်နိုင်သည်။ [နည်း– ၁၀(ဃ)]

(ဆ) သဘာပတိသည် အမည်စာရင်း တင်သွင်းလွှာများကို စုစည်း၍ ဥက္ကဋ္ဌလောင်းများ၏ အက္ခရာစဉ်အလိုက် အမည်စာရင်းကို ပုံစံ(၃)ဖြင့် ကြေညာရမည်။ [နည်း– ၁၀(င)]

## ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခြင်း

၇။ သဘာပတိသည် ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်း တင်သွင်းခံရသူ တစ်ဦး တည်းသာရှိလျှင် ထိုသူကို ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်းကြေညာရမည်။ (နည်း– ၁၁)

၈။ (က) ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်း တင်သွင်းခံရသူ တစ်ဦးထက်ပိုလျှင် စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့်ဆောင်ရွက် ရမည်။ [နည်း– ၁၂(က)]

(ခ) ကြီးကြပ်သူအရာရှိသည်–

(၁) ကြီးကြပ်သူအရာရှိသည် ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ် များ၏ ဆန္ဒမဲအရေအတွက်ကို ဥက္ကဋ္ဌလောင်း တစ်ဦးချင်းအလိုက် ပုံစံ(၄)ဖြင့် ပြုစုရမည်။[နည်း– ၁၂(ခ–၁)]

(၂) ဥက္ကဋ္ဌလောင်းတစ်ဦးချင်း၏ ဆန္ဒမဲအရေအတွက်ကို အစည်းအဝေး တက်ရောက်သည့် ကိုယ်စားလှယ်ဦးရေနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ရမည်။ ထိုသို့ စိစစ်ရာတွင် ကိုယ်စားလှယ် စုစုပေါင်းဦးရေမှ လျော့နည်းသော ဦးရေကို ဆန္ဒမဲမပေးသူဟု မှတ်ယူရမည်။ [နည်း– ၁၂(ခ–၂)]

(၃) အစည်းအဝေးတက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေထက် ဆန္ဒမဲအရေအတွက်က ပိုနေသည်ကိုတွေ့ရှိလျှင် သဘာပတိထံ ချက်ချင်းတင်ပြရမည်။ သဘာပတိသည် ကြီးကြပ်သူ အရာရှိ တင်ပြချက်ကို ရရှိလျှင် ဆန္ဒမဲကိုက်ညီမှုမရှိသဖြင့် ဆန္ဒမဲပေးပွဲကို ထပ်မံပြုလုပ်မည်ဖြစ်ကြောင်း လွှတ်တော်သို့ ကြေညာပြီး အပိုဒ်ခွဲ(က)အတိုင်း ဒုတိယအကြိမ်ပြန်လည်ဆောင်ရွက်ရမည်။ [နည်း– ၁၂(ခ–၃)]

(၄) တိုက်ဆိုင်စိစစ်ရာတွင် ကိုက်ညီမှုရှိပါက ဥက္ကဋ္ဌလောင်းများရရှိသည့် ထောက်ခံဆန္ဒမဲအများ အနည်းအလိုက် အမည်စာရင်းကို ပုံစံ(၅) ဖြင့် ပြုစုရမည်။ [နည်း– ၁၂(ခ–၄)]

(ဂ) သဘာပတိသည် ဥက္ကဋ္ဌလောင်းများရရှိသည့် ထောက်ခံဆန္ဒမဲ အများ အနည်းအလိုက် မဲအများဆုံး ရရှိသူကို ဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ကြောင်း ကြေညာရမည်။ [နည်း– ၁၂(ဂ)]

(ဃ) သဘာပတိသည် ဥက္ကဋ္ဌရွေးကောက်တင်မြှောက်ပွဲတွင် လွှတ်တော်ကိုယ်စား လှယ်များနှင့်အတူ ဆန္ဒမဲပေးရမည်။ အနိုင်မဲပေးပြီး ဆုံးဖြတ်ပိုင်ခွင့် မရှိစေရ။ ထောက်ခံ ဆန္ဒမဲအများဆုံးနေရာ၌ နှစ်ဦး သို့မဟုတ် နှစ်ဦး ထက်ပို၍ တူညီနေလျှင် ဆန္ဒမဲ တူညီနေသူများအတွက် ဆန္ဒမဲပေးပွဲကို ဒုတိယအကြိမ် ထပ်မံကျင်းပရမည်။ [နည်း– ၁၂(ဃ)]

(င) ဒုတိယအကြိမ် ထပ်မံကျင်းပသည့် ဆန္ဒမဲပေးပွဲတွင်လည်း ထပ်မံတူညီလျှင် ဆန္ဒမဲပေးပွဲကို ရုံးပိတ်ရက်များမပါ သုံးရက် ခေတ္တရပ်နားရမည်။ [နည်း– ၁၂(င)]

(စ) ဆန္ဒမဲပေးပွဲ ပြန်လည်ကျင်းပသည့်အခါ ဆန္ဒမဲပေးပွဲကို ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်၍ ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ ဆက်လက်ကျင်းပပေးရမည်။ [နည်း– ၁၂(စ)]

(ဆ) ထို့နောက် ထောက်ခံဆန္ဒမဲ အများဆုံးရရှိသူကို ဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ကြောင်း သဘာပတိက ကြေညာရမည်။[နည်း– ၁၂(ဆ)]



## ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

၉။ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းသည် ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်သည့် နည်းလမ်းအတိုင်း ဖြစ်သည်။ [နည်း– ၁၃(က)(ခ)]

## လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ် ရေးထိုးခြင်း

၁၀။ ရွေးကောက်တင်မြှောက်ခြင်းခံရသော ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် သဘာပတိ ရှေ့မှောက်တွင် ကတိ သစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးရမည်။ (နည်း– ၁၄)

## လွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ခြင်း

၁၁။ (က) သဘာပတိသည် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ ကတိသစ္စာပြု၍ လက်မှတ်ရေးထိုးပြီးနောက် လွှတ်တော်ရှေ့မှောက်တွင် ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ပေးရမည်။ (နည်း– ၁၅)

(ခ) လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက် စကားပြောကြားပြီးနောက် ဒုတိယအကြိမ် လွှတ်တော်ပထမ ပုံမှန်အစည်းအဝေး ပထမနေ့ ပြီးဆုံးပါမည်။







# ၃

ဒုတိယအကြိမ်
ပြည်ထောင်စုလွှတ်တော်

## ပထမပုံမှန်
## အစည်းအဝေး
## ပထမနေ့ကျင်းပခြင်း

ပြည်သူ့အသံ

လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ

လွှတ်တော်ဆန္ဒ

ပြည်သူတို့ မျှော်လင့်ချက်

လွှတ်တော်ကဖော်ဆောင်ရွက်




# အခန်း(၂)

## ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးပထမနေ့ကျင်းပခြင်း

၁။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးများတွင် ပြည်ထောင်စု လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရမည်။

၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅ အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ပြည်ထောင်စုလွှတ်တော် နာယကနှင့် ဒုတိယနာယက တာဝန်ကို ထမ်းဆောင်ရမည်။

၃။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၆၀ နှင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ ၃ နှင့် ၄ တို့အရ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအား နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရေးအတွက် အောက်ပါအစုအဖွဲ့များအလိုက် အစည်းအဝေးများ ကျင်းပရန်ရှိမည်ဖြစ်ကြောင်း အကြောင်းကြားခြင်းနှင့် ကျင်းပမည့်နေ့ရက် သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ရမည်–

(က) ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အစုအဖွဲ့၊

(ခ) ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်အစုအဖွဲ့၊

(ဂ) တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့။





# ၄

## ဒုတိယသမ္မတလောင်းများ ရွေးချယ်ရန်

# လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့အစည်းအဝေးများ ကျင်းပခြင်း



# အခန်း(၄)

# ဒုတိယသမ္မတလောင်းများ ရွေးချယ်ရန် လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့အစည်းအဝေးများ ကျင်းပခြင်း

## ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ပထမနေ့ အစည်းအဝေး ကျင်းပခြင်း

၁။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ နှင့် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့တို့သည် ဒုတိယသမ္မတလောင်း တစ်ဦးစီ ရွေးချယ်ရန်အတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရန် ဖြစ်သည် –

(က) ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို အစည်းအဝေး ကြီးကြပ် ကွပ်ကဲသူအဖြစ် လွှတ်တော်ဥက္ကဋ္ဌက ဆောင်ရွက်ပြီး နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများအရ သက်ဆိုင်ရာလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်များက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခြင်း၊

(ခ) လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၈ အရ အဆိုပြုလွှာ ပုံစံ(၁) ကို သက်ဆိုင်ရာ လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်များထံမှ ထုတ်ယူပြီး အချက်အလက်များ ဖြည့်သွင်းထားသည့် ပုံစံကို အခမ်းအနားမှူးမှ တစ်ဆင့် ဥက္ကဋ္ဌထံ တင်ပြရခြင်း၊ (ယခင်နေ့က ကြိုတင်ထုတ်ယူထားသည့် ပုံစံဖြစ်သည်)

(ဂ) အဆိုပြုလွှာပုံစံကို အခမ်းအနားမှူးထံမှ ထုတ်ယူပြီး အဆိုပြုနိုင်ခြင်း၊

(ဃ) အဆိုပြုလွှာတင်သွင်းမည့် ပုဂ္ဂိုလ် ရှိ၊ မရှိ ဥက္ကဋ္ဌက လွှတ်တော်သို့ (၃) ကြိမ်မေးမြန်းခြင်း၊

(င) အဆိုပြုလွှာတင်မည့် ပုဂ္ဂိုလ်မရှိလျှင် ဥက္ကဋ္ဌအနေဖြင့် သတ်မှတ်ပေးနိုင်ခြင်းနှင့် လွှတ်တော်၏ ဆန္ဒရယူခြင်း၊

(စ) ဥက္ကဋ္ဌသည် အဆိုပြုလွှာပုံစံ(၁)ဖြင့် တင်ပြသော ဒုတိယသမ္မတလောင်းများ အမည်ကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်း အဝေးတွင် ကြေညာရမည်။ ယင်းသို့ ကြေညာပြီးနောက် အဆိုပြုလွှာများကို ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက စိစစ်နိုင်ရန်နှင့် ဒုတိယသမ္မတလောင်းများ အမည်စာရင်းကို ပြုစုနိုင်ရန် အစည်းအဝေးကို တစ်ရက်ထက်မပိုသော ကာလသတ်မှတ်၍ ရပ်နားရမည်။



(ဆ) နိုင်ငံတော်သမ္မတ အရည်အချင်းစိစစ်ရေးအဖွဲ့တွင် ပါဝင်မည့် ရွေးကောက်ခံ လွှတ်တော် ကိုယ်စားလှယ် တစ်ဦး ရွေးချယ်ခြင်း၊
(စိစစ်ရေးအဖွဲ့တွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ ၄ ဦးအပါအဝင် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတို့ ပါဝင်ရခြင်း)

(ဇ) လွှတ်တော်၏ သဘောတူညီမှုရရှိပါက စိစစ်ရေးအဖွဲ့တွင်ပါဝင်မည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည် စာရင်းကို ဥက္ကဋ္ဌက ကြေညာခြင်း၊

(ဈ) လွှတ်တော်နှင့်စပ်လျဉ်းသည့် ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ကျင့်သုံးခဲ့မှု များကို ရှင်းလင်းပြောကြားခြင်းနှင့် ကိုယ်စားလှယ်အစုအဖွဲ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာခြင်း။

## ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးဒုတိယနေ့ကျင်းပခြင်း

၂။ အောက်ပါအစီအစဉ်များ ဆောင်ရွက်ပါမည် –

(က) ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ ဒုတိယနေ့ အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် လွှတ်တော်ဥက္ကဋ္ဌအသီးသီးက ဆောင်ရွက်ပြီး နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက် ခြင်း ဆိုင်ရာနည်းဥပဒေအရ လွှတ်တော်ရုံးအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များက



အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခြင်း၊

(ခ) ဒုတိယသမ္မတလောင်း အမည်စာရင်း ကြေညာခြင်း၊

(ဂ) ဒုတိယသမ္မတလောင်းများကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ အတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ၊ မရှိ စိစစ်ရေးအဖွဲ့က စိစစ်ရာမှ အားလုံးပြည့်စုံမှုရှိလျှင် ဒုတိယသမ္မတ လောင်းများအနက်မှ ဒုတိယသမ္မတ တစ်ဦးရွေးချယ်တင်မြှောက်နိုင် ရန် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၂ အရ ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေးပြီး ရွေးချယ် တင်မြှောက်ခြင်း၊

(ဃ) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၄ အရ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ရန် ဆန္ဒမဲပေးပွဲကို ဥက္ကဋ္ဌဖြစ်သူက ကြီးကြပ်ပြီး ဒုတိယဥက္ကဋ္ဌကလည်း ပါဝင် ကူညီကြီးကြပ် ပေးခြင်း၊

(င) ကိုယ်စားလှယ် အစုအဖွဲ့အားလုံး၏ ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်း၊

(စ) ဒုတိယသမ္မတလောင်းများ၊ ၎င်းတို့ကို အဆိုပြုထားသူများနှင့် ထောက်ခံသူ များသည် ဆန္ဒမဲပေးပုံ အဆင့်ဆင့်ကို အစအဆုံး အနီးကပ်လေ့လာနိုင် ကြောင်း ဥက္ကဋ္ဌက ဖိတ်ကြားခြင်း၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ထားသည့် နေရာများတွင် ထုတ်ယူ၍လျှို့ဝှက်ဆန္ဒပြုရန် နေရာများ၌ ဆန္ဒပြုနိုင်ခြင်း၊

(ဇ) ဆန္ဒပြုရာတွင် ဆန္ဒမဲလက်မှတ်၌ ထောက်ခံသူအား မင်ဖြင့် "အမှန်" အမှတ်အသား၊ ကန့်ကွက်သူအား မင်ဖြင့် "ကြက်ခြေ" အမှတ်အသား အထင်အရှားပြုရခြင်း၊

(ဈ) ဆန္ဒမဲလက်မှတ်ပေါ်တွင် မှားယွင်းရေးသားမိပါက ယင်းဆန္ဒမဲ လက်မှတ်ကို လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်လာရောက်ပြသဖျက်ဆီးပြီးမှသာ ဆန္ဒမဲလက်မှတ် အသစ်လဲလှယ်ပေးရန် တောင်းခံနိုင်ခြင်း၊

(ည) ဆန္ဒမဲပေးပွဲ မစတင်မီ ဆန္ဒမဲပေးပွဲတွင် အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၄၊ နည်းဥပဒေခွဲ(ဃ)နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် တာဝန်ပေးထားသည့် လွှတ်တော်ရုံး အသီးသီးမှ ညွှန်ကြားရေးမှူးချုပ်က ရေတွက်၍ ဥက္ကဋ္ဌထံ တင်ပြခြင်း၊

(ဋ) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၃ အရ ဒုတိယသမ္မတလောင်း ရွေးချယ်သည့်ကိစ္စတွင် လွှတ်တော် ဥက္ကဋ္ဌသည် အများနည်းတူ ဆန္ဒမဲပေးရခြင်း၊

(ဌ) ဆန္ဒမဲပေးသည့်အခါတွင် ဥက္ကဋ္ဌအနေဖြင့် စင်ပေါ်တွင်မပေးဘဲ သိသာထင်ရှားစေရန် အောက်သို့ဆင်း၍ မဲပေးခြင်း၊ ဥက္ကဋ္ဌမဲပေးပြီးနောက် ကျန်သည့်ကိုယ်စားလှယ်များကို အတန်းလိုက်ခေါ်ယူခြင်း၊ ဥက္ကဋ္ဌ စင်ပေါ်မှ ဆင်းသည့်အချိန်တွင် လွှတ်တော်၏ ထုံးတမ်းအစဉ်အလာအရ အားလုံးမတ်တပ်ရပ်ပေးရခြင်း၊

(ဍ) သက်ဆိုင်ရာလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ကမဲလက်မှတ် ထုတ်ပေးသည့် စာရင်းများစိစစ်၍ အားလုံးပြီး၊ မပြီးသတင်းပို့ခြင်း၊

(ဎ) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၄ နည်းဥပဒေခွဲ(ဇ)အရ ကိုယ်စားလှယ်များကို ထုတ်ပေး

ထားသည့် ဆန္ဒမဲလက်မှတ် အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူ ရရှိသည့် ဆန္ဒမဲ လက်မှတ်အရေအတွက်တို့ ကိုက်ညီမှုရှိ၊ မရှိရေတွက်ခြင်း၊

(ဏ) ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များကို ထုတ်ပေးထားသည့် ဆန္ဒမဲ လက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ကိုက်ညီမှုရှိလျှင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၁၄)၊ နည်းဥပဒေခွဲ (ဇ)၊ နည်းဥပဒေခွဲငယ် (၃)အရ ဆန္ဒမဲပေးပွဲ အထမြောက်ကြောင်း ကြေညာခြင်း၊

(တ) ဒုတိယသမ္မတလောင်း တစ်ဦးစီရရှိသည့် ဆန္ဒမဲလက်မှတ်များကို သီးခြား စီခွဲ၍ ရေတွက်ခြင်း၊

(ထ) ဒုတိယသမ္မတလောင်း တစ်ဦးချင်းစီအတွက် အဆိုပြုထောက်ခံထားကြ သည့် ကိုယ်စားလှယ်များကို ဆန္ဒမဲလက်မှတ် ရေတွက်သည့်နေရာသို့ ကြွရောက် ကြည့်ရှုနိုင်ကြောင်းဖိတ်ကြားခြင်း၊

(ဒ) ဒုတိယသမ္မတလောင်းများ၏ ရရှိသည့်ဆန္ဒမဲများကို ခွဲခြားရေတွက်၍ ထောက်ခံ ဆန္ဒမဲအများဆုံးရရှိသူအား ဒုတိယသမ္မတများ ရွေးချယ်တင် မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ(၁၈)အရ ဒုတိယသမ္မတအဖြစ် ရွေးချယ် တင်မြှောက်ကြောင်း ကြေညာခြင်း၊

(ဓ) ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အသီးသီးက ရွေးချယ် တင်မြှောက်သည့် ဒုတိယသမ္မတများ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြသွားမည်ဖြစ်ကြောင်း ကြေညာခြင်း၊

(န) လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ ဒုတိယနေ့အစည်းအဝေး ပြီးဆုံး ကြောင်း ကြေညာခြင်း၊



## တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ခြင်း

၃။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့သည် -

(က) တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က သတ်မှတ်ပေးသော နေရာတွင် ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပရမည်။

(ခ) အပိုဒ်ခွဲ (က) အရ ကျင်းပသည့် ရွေးချယ်တင်မြှောက်ပွဲတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဦးဆောင်မှုဖြင့် ဒုတိယသမ္မတ တစ်ဦးကို ရွေးချယ် တင်မြှောက်ရမည်။



၄။ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က တာဝန်ပေးအပ်သော တပ်မတော်သား လွှတ်တော်ကိုယ်စား လှယ်တစ်ဦးသည် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတ အမည်စာရင်းကို နာယကထံ တင်ပြရမည်။





# ၅

ဒုတိယအကြိမ်
ပြည်ထောင်စုလွှတ်တော်

## ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပခြင်း



# အခန်း (၅)

# ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော်ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပခြင်း

၁။ လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့အလိုက် ဒုတိယသမ္မတလောင်း တစ်ဦးစီ၏ အမည် စာရင်းအဆိုပြုလွှာ ရရှိသည့်အခါ နိုင်ငံတော်သမ္မတအရည်အချင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်–

(က) ပြည်ထောင်စုလွှတ်တော်တွင် ပါဝင်သော လွှတ်တော်နှစ်ရပ်၏ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊

(ခ) ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်ပေးသော ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်တစ်ဦး၊

(ဂ) ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်ပေးသော အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တစ်ဦး၊

(ဃ) တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်ပေးသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် တစ်ဦး။

## (နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၆)

၂။ နည်းဥပဒေ ၂၆ အရ ဖွဲ့စည်းထားသော စိစစ်ရေးအဖွဲ့သည် အစုအဖွဲ့အလိုက် တင်ပြထားသည့် ဒုတိယ သမ္မတများအား နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ ၃ အရ နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသည့် အရည်အချင်းများ ပြည့်စုံခြင်း ရှိ၊ မရှိ စိစစ်ရမည်။ ယင်းသို့စိစစ်ရာတွင်–

(က) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ စိစစ်အတည်ပြုချက်ကို ရယူနိုင်သည်။

(ခ) လိုအပ်ပါက သက်ဆိုင်ရာ ဒုတိယသမ္မတထံမှ အထောက်အထားများကို တောင်းယူနိုင်သည်။

၃။ စိစစ်ရေးအဖွဲ့သည် နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံခြင်း မရှိကြောင်း စိစစ်တွေ့ရှိရသော ဒုတိယသမ္မတအစား ဒုတိယသမ္မတအမည်အသစ် တင်သွင်းရန် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့သို့ အကြောင်းကြားရမည်။

၄။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က လက်ခံရရှိသည့်အခါ –

(က) ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ သို့မဟုတ် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့သည် ဒုတိယသမ္မတအသစ် ပြန်လည်ရွေးချယ် တင်မြှောက်ရေးအတွက် နည်းဥပဒေ ၈ မှ ၂၃ အထိပါ နည်းလမ်းနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့သည် ဒုတိယသမ္မတအသစ် ပြန်လည်ရွေးချယ် တင်မြှောက်နိုင်ရေးအတွက် နည်းဥပဒေ ၂၄ နှင့် ၂၅ ပါ နည်းလမ်းနှင့်အညီ ဆောင်ရွက်ရမည်။

၅။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ပြန်လည်ရွေးချယ် တင်မြှောက်သော ဒုတိယ သမ္မတအသစ်အား နိုင်ငံတော် သမ္မတအတွက် သတ်မှတ်အရည်အချင်းများ နှင့်ပြည့်စုံခြင်း ရှိ၊ မရှိကို နည်းဥပဒေ ၂၆ ပါ စိစစ်ရေးအဖွဲ့က နည်းဥပဒေ ၂၇၊ ၂၈ တို့နှင့်အညီ စိစစ်ရမည်။

## နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ခြင်း

၆။ စိစစ်ရေးအဖွဲ့သည် နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံ၍ အတည်ပြုပြီးသော ဒုတိယသမ္မတ သုံးဦးရရှိပြီးနောက် နိုင်ငံတော်သမ္မတ ရွေးချယ် တင်မြှောက်ရေးအတွက် နိုင်ငံတော် သမ္မတလောင်း အမည်စာရင်း ပုံစံ (၉) ကို ပြုစုရမည်။

၇။ ယင်းအမည်စာရင်းကို ဆန္ဒမဲလက်မှတ် ပုံစံ(၁၀) များတွင် ပြည်ထောင်စုလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်က တာဝန်ယူဖြည့်သွင်းရမည်။ နည်းဥပဒေ ၃၂ အရ



နိုင်ငံတော်သမ္မတလောင်း အမည်စာရင်း ပြုစုပြီးနောက် ရုံးပိတ်ရက်မပါ သုံးရက်အတွင်း နိုင်ငံတော်သမ္မတရွေးချယ် တင်မြှောက်ပွဲ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ ပါဝင်သော သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် ကျင်းပမည်ဖြစ်ကြောင်း နာယကက ကြေညာရမည်။

၈။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များပါဝင်သော သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့က နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များသည် ဆန္ဒမဲ လက်မှတ်ပုံစံ(၁၀)ဖြင့် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်ရမည်။ ယင်းဆန္ဒမဲပေးပွဲတွင် နာယကနှင့် ဒုတိယနာယကတို့သည် သမ္မတ ရွေးချယ်တင်မြှောက်ရေး အဖွဲ့ဝင်များနည်းတူ ဆန္ဒမဲ ပေးရမည်။

၉။ နိုင်ငံတော်သမ္မတလောင်းများရရှိသည့် ထောက်ခံဆန္ဒမဲများအလိုက် အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်က နာယကထံ တင်ပြ



အတည်ပြုချက်ရယူပြီး စိစစ်ရေးအဖွဲ့ဝင်အားလုံးက လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားရှိရမည်။ နိုင်ငံတော် သမ္မတလောင်းများရရှိသည့် ထောက်ခံဆန္ဒမဲအများအနည်းအလိုက် အမည်စာရင်းပါ ထောက်ခံ ဆန္ဒမဲအများဆုံးရရှိသူကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာရမည်။

၁၀။ သမ္မတလောင်း သုံးဦးရရှိသော ဆန္ဒမဲတူညီနေလျှင် ထပ်မံဆန္ဒမဲပေးခြင်းကိုလည်းကောင်း၊ ထောက်ခံဆန္ဒမဲ အများဆုံးနေရာ၌ နှစ်ဦးတူညီနေလျှင်



ထောက်ခံဆန္ဒမဲနည်းသူကို ပယ်၍ ဆန္ဒမဲတူညီနေသူနှစ်ဦးအား ထပ်မံဆန္ဒမဲပေးခြင်းကိုလည်းကောင်း၊ နည်းဥပဒေ ၃၈၊ ၃၉၊ ၄၀ နှင့် ၄၁ တို့ပါ နည်းလမ်းနှင့်အညီ ထပ်မံကျင်းပရမည်။ ထပ်မံကျင်းပသည့် ဆန္ဒမဲပေးပွဲတွင်လည်း ထောက်ခံဆန္ဒမဲအများဆုံးနေရာ၌ သုံးဦး သို့မဟုတ် နှစ်ဦး ထပ်မံတူညီနေလျှင် ဆန္ဒမဲပေးပွဲကို ရုံးပိတ်ရက်များမပါ သုံးရက် ခေတ္တရပ်နားရမည်။

## ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော်ပထမပုံမှန်အစည်းအဝေးများဆက်လက်ကျင်းပခြင်း

၁၁။ နာယကသည် ဆန္ဒမဲပေးပွဲ ပြန်လည်ကျင်းပသည့်အခါ နည်းဥပဒေ ၄၃ နှင့်အညီ ဆောင်ရွက်၍ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရရှိသည်အထိ ဆက်လက်ကျင်းပရမည်။

၁၂။ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော အောက်ပါ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ပြည်ထောင်စုဝန်ကြီးဌာန အမည်၊ အရေအတွက်တို့နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်းကို ဆက်လက်ဆောင်ရွက်ရမည်-

(က) ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊

(ခ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊

(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊

(ဃ) ပြည်ထောင်စုဝန်ကြီးဌာန အရေအတွက်နှင့် ပြည်ထောင်စုဝန်ကြီးများ၊

(င) ပြည်ထောင်စုရှေ့နေချုပ်၊

(စ) ပြည်ထောင်စုစာရင်းစစ်ချုပ်။





- ပြည်သူ့လွှတ်တော်ရုံးနှင့် နိုင်ငံတကာမှ ကူညီထောက်ပံ့ပေးမှုများ ပူးပေါင်း၍ ဤလမ်းညွှန်စာအုပ်အားရေးသား ထုတ်ဝေသည်။
- ဓါတ်ပုံများကို လွှတ်တော်ရုံး အသီးသီးနှင့် Mr. Ross Becker, Freelance Photographer တို့ထံမှ ရယူအသုံးပြုသည်။

•••



# ပြည်ထောင်စုလွှတ်တော် တည်နေရာပြပုံ



ဒုတိယအကြိမ်လွှတ်တော်ပထမပုံမှန်အစည်းအဝေးသို့
တက်ရောက်မည့်လွှတ်တော်ကိုယ်စားလှယ်များအတွက်
အုပ်ချုပ်မှုဆိုင်ရာသတင်းအချက်အလက်များ

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်
ပထမပုံမှန်အစည်းအဝေးပထမနေ့ကျင်းပခြင်း

ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော်
ပထမပုံမှန်အစည်းအဝေးပထမနေ့ကျင်းပခြင်း

ဒုတိယသမ္မတလောင်းများရွေးချယ်ရန်
လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့အစည်းအဝေးများ
ကျင်းပခြင်း

ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော်
ပထမပုံမှန်အစည်းအဝေးဒုတိယနေ့ကျင်းပခြင်း

# လွှတ်တော်ဝင်းအတွင်း အဆောက်အဦးများ တည်နေရာပြပုံ




ဒုသမ္မတ
ဆောင်
သမ္မတ
ဆောင်
စစ်ဆေးရန်နေရာ
စစ်ဆေးရန်နေရာ
Bus
ကားရပ်ရန်နေရာ
အမှတ်(၁)တံတားဂိတ်
လမ်းလျှောက်ရန်
နယကၢ၊ဝန်ကြီး၊
ဒု-ဝန်ကြီး
အမှတ်(၂)တံတားဂိတ်
ကား၊ဝင်ထွက်ရန်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ (လမ်းလျှောက်)အဝင်လမ်း
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ (လမ်းလျှောက်)ဝင်ထွက်လမ်းကြောင်း
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ (ကား)ဝင်ထွက်လမ်းကြောင်း
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ(ကား)ဝင်ထွက်လမ်းကြောင်း
တပ်မတော်လွှတ်တော်ကိုယ်စားလှယ်များ(ကား)ဝင်ထွက်လမ်းကြောင်း
အတွင်း BUS ရပ်
အပြင် BUS ရပ်

